


နဂါးနီ
လက်ငင်းရိုက်ကာဝန်
တက်ကြွန်းကြီး
သခင်သိန်းဖေ
ရေးသည်။
ဒုတိယအကြိမ်

649487001
Price : 500.00
လက်ငင်းတို
TAB-Books & Arts

လယ်သမားတွေ လယ်မြေကို သပိတ်မှောက်ပြီး လိုလားချက်တွေ တောင်းဆိုဖို့ မြို့ကို ချီတက်လာကြတယ်။ အလုပ်သမားတွေလည်း အလုပ်ခွင်ကို သပိတ်မှောက်ပြီး တောင်းဆိုနေကြတယ်။ ရေနံမြေသပိတ်ဆိုရင် မိုင်လေးရာကျော် ခြေလျင်ချီတက်လာပြီး ရန်ကုန်မြို့ကို ရောက်နေပြီ။ ကျောင်းသားတွေလည်း သပိတ်မှောက်ပြီး သူတို့တောင်းဆိုချက် မရ ရအောင် လုပ်ငန်းတွေ လုပ်နေကြတယ်။ အဲဒီအရေးတွေ ဘယ်လို အဆုံးသတ်မလဲ။

အဆုံးတစ်နေ့မှာ တောင်ထိပ်ရောက်မည်လော။ ချောက်ထဲကျမည်လော။

နိုင်ငံရေးသမားတွေရဲ့ လက်ငင်းလုပ်ကိုင်ကြရမယ့် တာဝန်တွေကတော့ စာဖတ်ဖို့ပင် ဖြစ်၏။ စာဖတ်သူပေါ်များအောင် တိုက်တွန်းဖို့ဖြစ်၏။ စာဖတ်သည်ဆိုရာ၌ သာမန် အမြန်ဖတ်သွားသည်ကို မဆိုလို။ စာကို လေ့လာဆည်းပူးမှုကို ဆိုလိုသည်။ စာဖတ်သည်ကို ထမင်းစားသည်နှင့် နှိုင်းရမည်။ ထမင်းစား၍ အစာမကြေလျှင် လူကို ဥပဒ်ရောက်စေသည်။ စာကို ကျေလည်အောင် မဖတ်တတ်လျှင် အစာမကြေသူနှင့် အတူတူပင် ဖြစ်ပါသည်။

စာဖတ်ရုံနှင့် မပြီးသေး ဖတ်ပြီး ကြံကြ၊ ကြံပြီး ဆွေးနွေးကြ၊ ဝိုင်းဖွဲ့၍ စာအုပ်ပါအကြောင်းများကို ဆွေးနွေးခြင်းသည် အကြံဉာဏ်ပွားပြီး တစ်ယောက်နှင့်တစ်ယောက် အထင်လွဲမှု ပျောက်၍ ရဲဘော်ချင်း ခင်စိတ်မင်စိတ် ပေါက်လာမည်။ ဤ လက်ငင်းတို့တာဝန်ကို ဆောင်ရွက်ပြီး အဓိကလုပ်ငန်းကြီးကို ငါတို့သည် အပြီးအပြတ် လုပ်ကြကုန်အံ့သတည်း လို့ ရေးသားခဲ့ပါတယ်။

ISBN 9789997111234
NGN29
9 789997 111234
500.00 KS

mgyoe.com

လက်ငင်းတို့တာဝန်၊ တက်ဘုန်းကြီးသခင်သိန်းဖေ
ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၉ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၄၀ နဂါးနီထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လက်ငင်းတို့တာဝန်

## တက်ဘုန်းကြီးသခင်သိန်းဖေ

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

နှစ်ပေါင်း ၈၀ ဝန်းကျင်ရှိ နဂါးနီစာအုပ်များကို
ပြန်လည်စီစဉ်ရိုက်နှိပ်ကြသည့်အခါ စာရေးသူ ဘာသာပြန်သူတို့၏
ကျန်ရစ်သူ မိသားစုဝင် မူပိုင်ရှင်များအား ရနိုင်သ၍ ဆက်သွယ်ကာ
ခွင့်တောင်းခံခြင်း၊ ဥာဏ်ပူဇော်ခပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း
အချို့မှာ ဆက်သွယ်ရ ခက်ခဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရ
ဆက်သွယ်ခွင့်တောင်းခံခြင်း မပြုနိုင်ခဲ့သည့် ကျန်ရစ်သူ မိသားစုဝင်
စာမူမူပိုင်ခွင့်ဆက်ခံသူများမှ ခွင့်လွှတ်ပါရန်နှင့်
ဥာဏ်ပူဇော်ခပေးအပ်လိုပါသဖြင့် စာအုပ်တိုက်သို့
ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်
နှုးညွှတ်စွာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

# လက်ငင်းတို့တာဝန်

## (၁၉၄၀ ခု)

တက်ဘုန်းကြီး သခင်သိန်းဖေအမည်နဲ့ ဆရာသိန်းဖေမြင့် ရေးသားတဲ့စာအုပ်ဖြစ်ပါတယ်။ အသင်းသားတွေကို အလကားဝေငှပြီး အပြင်လူ ၂ ပြားနဲ့ ရောင်းချပါတယ်။

"စိတ်တွင် ရိုးတိုးရှူတာဖြစ်အောင်၊ လူတစ်စုက ဆိုင်းတီးပေးသောကြောင့် ကြားရသူ လူတစ်စုသည် ဆိုင်းရှေ့သို့လာရောက်၍ ကကြကုန်၏။ ဘာပြီး ဘာက၊ ဘယ်လိုကပြီးလျှင် ဘယ်လိုဆို၊ ဘယ်ဓာတ် ဘယ်သို့ စီကာပတ်ကုံးပြဟူ၍ သွန်သင်ညွှန်ပြမည့်သူတို့ကား မရှိသဖြင့် ပြောက်သောက်ထင်သလို က,ကြလေ၏။ အားလုံး မကြာမီ က,ရင်း၊ က,ရင်း မောကြ၊ လက်ပန်းကျကြကုန်၏။ ဓာတ်ကွက် အရည်မလည်၊ အဆုံးမသတ်တဲ ရပ်လိုက်ရလေ၏။ ယနေ့လက်ရှိနိုင်ငံရေးကိုစဉ်းစား

mgyoe.com

mgyoe.com



ကြည့်လိုက်လျှင် ကြားရသူတို့ ထ၍ ကလိုက်ချင်အောင် တီးနိုင်သူ ခေါင်းဆောင်ကား မျှားပေ၏။ ဇာတ်ကွက်အရေလည်လည်နှင့် အဆုံးကောင်းအောင် က,နိုင်၊ ပြ,နိုင်ရန် စီစဉ်ပေးနိုင်သည့် ခေါင်းဆောင်ကား ရှားလှသည်"ဆိုတဲ့ ဦးညာဏရဲ့ စာလေးနဲ့ စတင်ရေးသားတယ်။

လယ်သမားတွေ လယ်မြေကို သပိတ်မှောက်ပြီး လိုလားချက်တွေ တောင်းဆိုဖို့ မြို့ကို ချီတက်လာကြတယ်။ အလုပ်သမားတွေလည်း အလုပ်ခွင်ကို သပိတ်မှောက်ပြီး တောင်းဆိုနေကြတယ်။ ရေနံမြေသပိတ်ဆိုရင် မိုင်လေးရာကျော် ခြေလျင်ချီတက်လာပြီး ရန်ကုန်မြို့ကို ရောက်နေပြီ။ ကျောင်းသားတွေလည်း သပိတ်မှောက်ပြီး သူတို့တောင်းဆိုချက် မရ,ရအောင် လုပ်ငန်းတွေ လုပ်နေကြတယ်။ အဲဒီအရေးတွေ ဘယ်လိုအဆုံးသတ်မလဲ...။ အဆုံးတစ်နေ့မှာ တောင်ထိပ်ရောက်မည်လော...။ ချောက်ထဲကျမည်လော...။

အဲဒီဖြစ်ရပ်တွေဟာ မနေရှင်ကြီးတွေနဲ့ မနေရှင်ကြီးတွေကို ကာကွယ်ပေးထားတဲ့ ကိုလိုနီအစိုးရကြောင့် ဖြစ်ပေါ်ရတာဖြစ်တယ်။ ဒီတော့ မနေရှင်ဝါဒနဲ့ ကိုလိုနီအစိုးရကို တိုက်ဖျက်တော်လှန်နိုင်မှ အဲဒီအရေးကိစ္စတွေ ငြိမ်းအေးဖွယ်ရာ ဖြစ်သွားပေလိမ့်မယ်။ အဘယ်ပုံ အဘယ်နည်း တော်လှန်တိုက်ဖျက်ကြမလဲ...။ မနေရှင်ဇာတုရှင်စနစ်ကို တော်လှန်ခဲ့တဲ့ လီနင်၊ စတာလင်တို့ရဲ့ အတွေ့အကြုံတွေ သိရှိနေဖို့လိုတယ်။ မြန်မာနိုင်ငံနဲ့ လူဦးရေတူညီတဲ့ အိုက်ရစ်ပြည် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်လာတဲ့အရေးကို သိရှိနေဖို့ လိုအပ်တယ်။

ဒါပြင့် မနေရှင်၊ ကိုလိုနီနယ်ချဲ့ကို တော်လှန်တိုက်ဖျက်

mgyoe.com

mgyoe.com



ပြီး ဘယ်စနစ်နဲ့ နိုင်ငံကို ထူထောင်ကြမလဲဆိုတာလည်း လေ့လာဆန်းစစ်ထားဖို့ လိုတယ်။ မာ့က်စ်ရဲ့ ဘုံဝါဒသဘော တရားတွေကိုနားလည်ကျေညက်အောင် လေ့လာထားကြရမယ်။ လီနင်ရဲ့ အလုပ်သဘော လုပ်ဆောင်ချက်တွေကို လေ့လာမှတ်သားကြဖို့ လိုအပ်တယ်။

ဒီတော့ နိုင်ငံရေးသမားတွေရဲ့ လက်ငင်းလုပ်ကိုင်ကြရမယ့် တာဝန်တွေကတော့ "စာဖတ်ဖို့ပင် ဖြစ်၏။ စာဖတ်သူပေါများအောင် တိုက်တွန်းဖို့ဖြစ်၏။ စာဖတ်သည်ဆိုရာ၌ သာမန်အမြန်ဖတ်သွားသည်ကို မဆိုလို။ စာကို လေ့လာဆည်းပူးမှုကို ဆိုလိုသည်။ စာဖတ်သည်ကို ထမင်းစားသည်နှင့် နှိုင်းရမည်။ ထမင်းစား၍ အစာမကြေလျှင် လူကို ဥပါဒ်ရောက်စေသည်။ စာကို ကျေလည်အောင် မဖတ်တတ်လျှင် အစာမကြေသူနှင့် အတူတူပင် ဖြစ်ပါသည်။ အစာစားရာ၌လည်း အားဖြစ်စေသည်။ Vitamin ဩဇာဓာတ်များသော အစာကို စားမှ အရေးရောက်သကဲ့သို့ စာဖတ်သောအခါ၌လည်း ခေတ်ရှင်စနစ်ကို ဖျက်နိုင်သော စာကိုဖတ်မှ ငါတို့ အရေးတော်ပုံ အောင်မည်ဖြစ်၏။

စာဖတ်ရုံနှင့် မပြီးသေး ဖတ်ပြီး ကြံကြ၊ ကြံပြီး ဆွေးနွေးကြ၊ ဝိုင်းဖွဲ့၍ စာအုပ်ပါ အကြောင်းများကို ဆွေးနွေးခြင်းသည် အကြံဉာဏ်ပွားပြီး တစ်ယောက်နှင့်တစ်ယောက် အထင်လွဲမှု ပျောက်၍ ရဲဘော်ချင်း ခင်စိတ်မင်စိတ် ပေါက်လာမည်။ ဤလက်ငင်းတို့တာဝန်ကို ဆောင်ရွက်ပြီး အဓိကလုပ်ငန်းကြီးကို ငါတို့သည် အပြီးအပြတ် လုပ်ကြကုန်အံ့သတည်း "လို့ တင်ပြရေးသားထားပါတယ်။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ၁

စိတ်တွင် ရိုးတိုးရွတဖြစ်လာအောင် လူတစ်စုက ဆိုင်းတီးပေးသောကြောင့် ကြားရသူတစ်စုသည် ဆိုင်းဝိုင်းရှေ့သို့ လာရောက်၍ ကကြကုန်၏။ ဘာပြီး ဘာက၊ ဘယ်လိုကပြီးလျှင် ဘယ်လိုဆို၊ ဘယ်ဇာတ် ဘယ်သို့စီကာပတ်ကုံးပြဟူ၍ သွန်သင်ညွှန်ပြမည့်သူတို့ကား မရှိသဖြင့် ပြောက်သောက် ထင်သလိုကကြလေ၏။ အားလုံး မကြာမီ က,ရင်း က,ရင်း မောကြ၊ လက်ပန်းကျကြကုန်၏။ ဇာတ်ကွက်အရည်မလည် အဆုံးမသတ်ဘဲ ရပ်လိုက်ရလေ၏။ ယခု လက်ရှိ နိုင်ငံရေးကို စဉ်းစား၍ ကြည့်လိုက်လျှင် ကြားရသူတို့ ထ၍ကလိုက်ချင်အောင် တီးနိုင်သူ ခေါင်းဆောင်ကား များပေ၏။ ဇာတ်ကွက်အရည်လည်လည်နှင့် အဆုံးကောင်းအောင် ကနိုင်၊ ပြနိုင်ရန် စီစဉ်ပေးနိုင်သည့် ခေါင်းဆောင်ကား ရှားလှသည်ဟု စာရေးဆရာကြီး ဦးညာဏက ငါတို့အား ပြောပြလေသည်။ သူအဘယ်မျှ မှန်သနည်း။

mgyoe.com

mgyoe.com


## (၁)

ငါတို့သည် တစ်တိုင်းပြည်လုံး နိုးကြားအောင် လှုံ့ဆော်နိုင်ခဲ့၏။ ငါတို့၏ ကြွေးကြော်သံများသည် မြန်မာတိုင်း၏ ပါးစပ်တွင် ဝဲနေလေအောင် ဟစ်ခဲ့နိုင်ကြ၏။ တိုင်းသူပြည်သားတို့သည် စွန့်စားစရာမှန်သမျှကို စွန့်စားကြလေအောင် (ဝါ) စာရေးသည်လခငွေကို၊ ကူလီသည် အလုပ်ကို၊ တောင်သူသည် မြေကို၊ ကျောင်းသားသည် စာသင်ခန်းကို စွန့်ကြလေအောင် ငါတို့သည် လှုံ့ဆော်နိုင်ခဲ့ကြ၏။ ဒီမျှမကသေး လူတို့သည် အသက်စွန့်ရန်ကိုပင် ဝန်မလေးသည့်တိုင်အောင် ငါတို့ လှုံ့ဆော်နိုင်ခဲ့ကြ၏။

ငါတို့ကား ကြားရသူတွေ ထ၍ ကချင်၊ ဆိုချင်အောင် တီးမှုတ်နိုင်သော အတီးကောင်းများဖြစ်ပါပေ၏။

ယခုအခါ လယ်သမားများသည် လယ်မြေကို သပိတ်မှောက်သူက မှောက်လျက်ရှိ၏။ အမြို့မြို့ ချီတက်ကာ လိုလားချက်များကို တောင်းဆိုသူက တောင်းဆိုလျက်ရှိ၏။ အလုပ်သမားများကား အလုပ်ခွင်ကို သပိတ်မှောက်ကာ အစုအဝေးနှင့် ၎င်းတို့၏ အခွင့်အရေးများကို ရအောင် တောင်းဆိုလျက်ရှိ၏။ ရေနံမြေသပိတ်တပ်မှာလည်း မိုင် ၄၀၀ ကျော်ကို ခြေကျင်လျှောက်လာခဲ့ပြီး ရန်ကုန်သူ ရန်ကုန်သားတို့၏ ဧည့်သည် အဖြစ်ဖြင့် ရွှေတိဂုံတွင် တည်းခိုလျက်ရှိကြ၏။ ကျောင်းသားများသည် ၎င်းတို့၏ ကျောင်းများကို သပိဝ်မှောက်ပြီး သူတို့ တောင်းဆိုချက်များကို မရရအောင် လုပ်ငန်းအမျိုးမျိုးလုပ်လျက်ရှိကြ၏။

ဤအရေးများသည် အဘယ်သို့ အဆုံးသတ်မည်နည်း။ အဆုံးတစ်နေ့တွင် ငါတို့တစ်တွေသည် တောင်ထိပ်သို့ ရောက်သွားမည်လော၊ ချောက်ထဲသို့ ကျသွားမည်လော။ ဤမေးခွန်းများသည် ငါတို့၏ ဦးနှောက်ကို တဒေါက်ဒေါက် ခေါက်လျက်ရှိသည်။

mgyoe.com

mgyoe.com


ကျောင်းသားများသည် အာဏာဖိဆန်သော လမ်းလျှောက်လှည့်လည်ပွဲများကို ကျင်းပခဲ့ကြ၏။ မြန်မာပြည်အစိုးရ၏ အသည်းနှလုံးဖြစ်သော အတွင်းဝန်ကြီးရုံးကို ဝိုင်းခဲ့ကြ၏။ တောင်သူအလုပ်သမားများနှင့် သွေးစည်းသောအလုပ်များကို လုပ်ခဲ့ကြ၏။ ကျောင်းများကို သပိတ်မှောက်ခဲ့ကြ၏။ ညွန့်ပေါင်းအစိုးရ ကို ဖြုတ်ချခဲ့ကြ၏။ ကျောင်းသားများတောင်းဆိုချက်ကို လိုက်လျောနိုင်မည့်အစိုးရသာလျှင် တည်မြဲမည်ကဲ့သို့ဖြစ်နေ၏။ ထို့ကြောင့် ကျောင်းသားများကား အောင်မြင်ခြင်းနှင့် တွေ့ရမည်ဟု ငါတို့ ယုံကြည်နိုင်ပေ၏။

အခြား ငါတို့ရဲဘော်များအတွက်ကား မသေချာသေး၊ သူတို့နောင်ရေးသည် တအုံ့နွေးနွေးဖြစ်နေ၏။ သူတို့ရှေ့တွင် နှင်းတဝေဝေနှင့် ပိတ်ဆို့လျက်နေသည်။

ငါတို့သည် ဇာတ်ကွက်အရှည်လည်လည်ကပြအောင် ညွှန်ကြားနိုင်သူများ မဟုတ်ကြသေး။ အစီအစဉ်မရှိ။ ပြောက်သောက်ကကြစေလျှင် ငါတို့ဇာတ်ကြီး ဖရိုဖရဲပျက်ပြားဖို့ရှိလေသည်။ ဖရိုဖရဲနှင့် ပျက်ပြားခြင်းကို အလိုမရှိကြလျှင် (ဝါ) အလုပ်သမားအရေး၊ တောင်သူများအရေး၊ ကျောင်းသားများအရေးတို့သည် တစ်နေ့တခြား အောင်မြင်ထမြောက်လာစေလိုလျှင် ငါတို့သည် ကောင်းစွာညွှန်ကြားပေးနိုင်သော ဒါရိုက်တာများဖြစ်အောင် ငါတို့ကိုယ်ကို ငါတို့ ပြုပြင်ကြဦးစို့။

## (၂)
## ငါတို့ကိုယ်ကို မည်သို့ပြုပြင်ကြမည်နည်း။

ငါတို့ကား နိုင်ငံရေးစိတ်များရှိကြ၏။ ငါတို့သည် အသက်ကို စွန့်၍ တိုင်းကျိုးပြည်ကျိုးဆောင်လိုသည် မှန်ပေ၏။ လုပ်မည် ကိုင်မည်ဟု တည်ကြည်သောဖွဲ့ ရှိကြပေ၏။ လုပ်ရဲကိုင်ရဲသော သတ္တိခဲများလည်း

mgyoe.com

mgyoe.com


ဖြစ်ပါပေ၏။

သို့သော် ငါတို့တွင် နိုင်ငံရေးအသိဉာဏ်က နည်းကြသေးသည်။ ငါတို့ရန်သူကား ဘယ်သို့သော အခြေအနေရှိနေသည်။ ငါတို့အခြေအနေကား ဘယ်သို့ရှိနေသည်။ ငါတို့တက်လမ်းကား ဘာ၊ ငါတို့မိတ်ဆွေကား ဘယ်သူ၊ ငါတို့အောင်မြင်ခြင်းကား ဘာကြောင့်၊ ငါတို့ရှုံးခြင်းကား ဘာကြောင့် စသော နိုင်ငံရေးအတွေးအမြင် အသိများ အလွန်လိုသေးသည်။

လွန်ခဲ့သောခေါင်းဆောင်များသည် နိုင်ငံရေးစိတ်မရှိ၊ ကိုယ်ကောင်းကြံ၍ လိမ်လည်လိုသော သူများသာ ဖြစ်သဖြင့် တိုင်းပြည်မတိုးတက်ခဲ့။ ငါတို့လက်ထက်ကျသောအခါ နိုင်ငံရေးအသိဉာဏ်နည်းသဖြင့် ငါတို့အရေးများ ပျက်မယောင်၊ ညှိမယောင် ဖြစ်ချေသည်။

ဆန္ဒ (လိုချင်သောအာသီသ)၊ စိတ္တ (ဝင်စားပြင်းပြသောစိတ်)၊ ဝီရိယ (ထကြွလုပ်ကိုင်ခြင်း)၊ ဝိမံသ (အကြံဉာဏ်) ဟူသော တရားလေးပါးစုံမှ အောင်မြင်ခြင်းသို့ ရောက်နိုင်ပေရာ ငါတို့သည် ဝိမံသချို့ယွင်းမှုကြောင့် အောင်မြင်ခြင်းကိုရောက်ဖို့ ခဲယဉ်းလေသေးသည်။

ငါတို့လုပ်ငန်းမှာလည်း နိုင်ငံရေးအကျဉ်းသမားများ ထောင်ကထွက်ရရုံမျှဖြင့် ပြီးနိုင်သေးသည်မဟုတ်၊ နှိပ်ကွပ်သောပုဒ်မများကို ရုပ်သိမ်းထားရုံဖြင့် ပြီးနိုင်သည်မဟုတ်၊ ရေနံမြေအလုပ်သမားများ အလုပ်ပြန်ရရုံမျှဖြင့် ပြီးဦးမည်မဟုတ်။ မီးခြစ်စက်အလုပ်သမားများ အခတိုးရရုံဖြင့် ပြီးဦးမည်မဟုတ်၊ တောသူတောင်သားများ လယ်ထောက်ခ လျှော့ရုံဖြင့် ပြီးဦးမည်မဟုတ်။ ငါတို့သည် ဓနရှင်စနစ်နယ်ချဲ့အစိုးရ၏ လက်အောက်မှ ငါတို့မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်နိုင်သောအခါမှ အရေးပြီးမည်ဖြစ်၏။ ယခု အသေးအဖွဲ့အရေးကလေးတွေကိုမျှ နိုင်အောင် ငါတို့ ခေါင်းဆောင်၍ မတိုက်နိုင်လျှင် လွတ်လပ်

mgyoe.com

mgyoe.com


ရေးတိုက်ပွဲကို အသို့ခေါင်းဆောင်အံ့နည်း။

ငါတို့တွင် ဖြေရှင်းစရာပြဿနာအမျိုးမျိုး ရှိသေး၏။ ကျောင်းသားများကို ကြည့်ပါ။

ထိတ်လန့်စရာကောင်းအောင် နှစ်စဉ်တိုးနေသော ပညာတက်အလုပ်လက်မဲ့ကိစ္စရှိ၏။ စက်ဆုပ်ဖွယ်ကောင်းအောင် ကျွန်စိတ်သွင်းပေးခြင်းက ရှိသေး၏။ ကျောင်းသားများကို သခင်စိတ်သွင်းပေးလိုသည်။ ရဲရင့်တည်ကြည်အောင် လုပ်ပေးဖို့လိုသည်။ ပင်ကိုဉာဏ်တွေပွားအောင် သူတို့ ပညာရေးကို ပြုပြင်ပေးဖို့လိုသည်။ အလုပ်လက်မဲ့လျော့အောင် အသက်မွေးဝမ်းကျောင်းပညာ၊ စက်မှုလက်မှုပညာများကို သင်ပေးဖို့လိုသည်။ အစိုးရတွင် ထိုပညာများကို သင်ပေးရန် လုံလောက်အောင် ငွေမရှိသဖြင့် အခက်အခဲတွေ့ဦးမည်။ အသက်မွေးဝမ်းကျောင်းပညာ၊ စက်မှုလက်မှုပညာများကို တတ်သည့်တိုင်အောင် မြန်မာပြည်တွင် စက်မှုလက်မှုထူထောင်ခြင်း (Industria lisation) မရှိက အလုပ်ရဖို့ခဲယဉ်းသေးသည်။ ထိုအလုပ်ကိုလည်း ငါတို့အား လက်ဝါးကြီးအုပ်ထားသော ဗြိတိသျှနယ်ရှင်တို့က အားပေးမည်မဟုတ်၊ ကာဆီးကာဆီးသာ လုပ်လိမ့်မည်။ ထို့ကြောင့် ဗြိတိသျှနယ်ရှင်တို့သည် ငါတို့၏အလုပ်လက်မဲ့ပြဿနာကို မပြေအောင် နှောင့်ယှက်မည်။ ထိုနယ်ရှင်စနစ်ကို ဖျက်ဖို့ လိုလာတော့မည်ဖြစ်ပေ၏။

အတိုချုပ်အားဖြင့် လက်ရှိပညာရေးစနစ်သည် နယ်ရှင်စနစ်၏ လိုလားချက်အရ ဆောက်လုပ်ထားသောစနစ်ဖြစ်၍ နယ်ရှင်စနစ်ကို ဖျက်ပစ်ရေးသည် ကျောင်းသားတို့တာဝန် ဖြစ်လာပြန်၏။

လယ်သမားတို့အရေးကို ကြည့်ပြီး လယ်သမားတို့ထံမှ မရမက ကောက်ခံသော အခွန်တော်ဖြင့် အသက်ရှင်နေသောနယ်ချဲ့အစိုးရသည် ငါတို့အား သူတို့လက်အောက်မှ လွတ်မသွားအောင် အစောင့်အကြပ်

mgyoe.com

mgyoe.com

ထားရသည့် စစ်ပုလိပ်နှင့် အရာရှိများအတွက် ငွေအများကို အသုံးပြု ရသဖြင့် တောင်သူလယ်သမားတို့အကျိုးကို ဘာမျှမလုပ်နိုင်။ အခွန် တော်ကို မလျှော့နိုင်၊ စတီးစသော ခနရှင်အကျိုးကိုသာ စောင့်ကြပ် နေရသောကြောင့် စပါးဈေးကို တောင်သူကြိုက်ရအောင် လုပ်မပေးနိုင်။ တောင်သူများ ကြွေးတင်သည်ကို မကူနိုင်။ တောင်သူများ မြေမဲ့ရာမဲ့ ဖြစ်ရသည်ကို မတားဆီးမပိတ်ပင်နိုင်။ ထို့ကြောင့် လယ်သမားများ၏ အခြေအနေသည် တစ်သွေးတစ်မွေးပြောင်း၍ ကြီးပွားလိုလျှင် ခနရှင် စနစ် နယ်ချဲ့အစိုးရလက်အောက်မှ လွတ်မြောက်အောင် ကြိုးစားရမည် ဖြစ်ပေ၏။

အလုပ်သမားအရေးကိုကြည့်ဦး။ အဆမတန် လျော့သောနှုန်းဖြင့် လုပ်ရှာကြရ၏။ တစ်နေကုန်တစ်နေခန်း အမောဖြေချိန်မရ။ စိတ်ပြေ လက်ပျောက်ပျော်ရွှင်ချိန်မရ။ တကုန်းကုန်း တကွကွနှင့် လုပ်ရှာကြရ၏။ အနေအထိုင်အဝတ်အစား ချို့တဲ့ရှာကြရ၏။ အမြတ်ငွေများများရအောင် အလုပ်သမားကို လခလျှော့နိုင်သမျှပေး၏။ ဘီအိုစီသည် အလုပ်သမား တစ်ယောက်ကို တစ်နှစ်လျှင် ၄၀၀ မျှ ပျမ်းမျှပေး၍ အလုပ်သမား တစ်ယောက်အပေါ် ပျမ်းမျှအားဖြင့် ၃၀၀၀ မျှ အမြတ်ငွေရ၏။ သို့နှင့် လည်း မတင်းတိမ်သေးပေ။ အလုပ်သမားလခကို လျော့သထက်လျော့ အောင် လူရှစ်ယောက်နေရာတွင် ခြောက်ယောက်ကိုသာခိုင်း၏။ ထိုသို့ သော ညှဉ်းပန်းခြင်းကို ကန့်ကွက်သောအားဖြင့် အလုပ်သမားတို့က သပိတ်မှောက်သောအခါ အစိုးရက ပုဒ်မအမျိုးမျိုးနှင့် အလုပ်သမားကို ထောင်ချ၏။ စစ်သားက သေနတ်နှင့်ပစ်၏။ ပုလိပ်က တုတ်နှင့်ရိုက်၏။ သို့သော် ဘယ်နံ့ရောအခါကမှ ခနရှင်နှင့် ၎င်း၏မန်နေဂျာများကို အစိုးရက တရားစွဲဖူးသည်မရှိသည်ကို ထောက်သဖြင့် ခနရှင်နှင့်အစိုးရ တစ်ကြိတ်တည်း တစ်ဉာဏ်တည်းဖြစ်ကြောင်း ရှင်း၏။

mgyoe.com

mgyoe.com


သာ၍မှန်သည်ကား အစိုးရသည် ခနရှင်က အလုပ်သမား ဆင်းရဲသားကို သွေးစုပ်ရာ၌ အသုံးပြုသော ပြွန်တံသာဖြစ်ပေ၏။

အလုပ်သမား၏ ထွက်ရပ်လမ်းမှာ ခနရှင်စနစ်နှင့် ၎င်း၏ လက်နက်ဖြစ်သော အစိုးရကိုဖျက်ရေး၌ တည်ရှိပေ၏။

ကျောင်းသားများ၏ ထွက်ရပ်လမ်းလည်း ထိုသို့ဖျက်ရေး၌၊ တောင်သူတို့၏ ထွက်ရပ်လမ်းလည်း ထိုသို့ ဖျက်ရေး၌ တည်ရှိကြကုန်၏။ စာရေးစာချီ၊ ကုန်သည်တို့၏ နစ်နာချက်များမှာလည်း ခနရှင်စနစ် လွှမ်းမိုးမှုကြောင့်ဖြစ်ရ၏။ ဥပမာ–စာရေးသည် တစ်နေ့ကုန် တစ်နေ့ခန်း လုပ်ရပါလျက် လခနည်းခြင်းမှာ အရာရှိကြီးများက အဆမတန် နင်းကန်ယူထားသောကြောင့်ဖြစ်၏။ မြန်မာဆေးလိပ်များ ရောင်းမကောင်းသည်မှာ စီးကရက်ကြောင့်ဖြစ်၏။ အထည်သည် ဈေးရောင်းမကောင်းသည်မှာ ခနရှင်ကြီးများက အထည်ဈေးကို မြှင့်ထား၍ ဝယ်သူတို့မဝယ်နိုင်သောကြောင့်ဖြစ်၏။ နေရာတကာတွင် ခနရှင်စနစ်သည် ဂြိုဟ်မွှေလျက်ရှိ၏။

မကြာမီက ရွှေတိဂုံစေတီတော်ကြီးအပေါ်တွင် ရုပ်လျက် စစ်လေယာဉ်ပျံများ ပျံသန်း၍ ဘုရားဖူးများတွင် အနှောင့်အယှက်ဖြစ်ရပါသည်ဟု ဘဏ္ဍာတော်ထိမ်းအဖွဲ့ဝင်များက အစိုးရကို တိုင်တန်း၏။ ဤအနှောင့်အယှက်မှာလည်း ခနရှင်စနစ်၏ ပယောဂပင်ဖြစ်၏။ ခနရှင်တို့လက်မှ လွတ်မြောက်ရန်ကြံကြသူများကို ခြိမ်းခြောက်ရန် လေယာဉ်ပျံများသည် ဘုရားကို ရုပ်တိုက်၍ ပျံသန်းခြင်းဖြစ်လေသည်။

ခနရှင်စနစ်တိုက်ဖျက်သဖြင့် ငါတို့မြန်မာစာပေ မြန်မာဂီတများ ပျက်ရ၏။ စန္ဒရားကြောင့် စောင်းကောက် စသော ဗမာတူရိယာတို့ ပျက်ကုန်၏။ ငါတို့၏ ချစ်ခန်းကြိုက်ခန်းမှာပင် ခနရှင်စနစ် အရိပ်အငွေ့များ ဖြတ်သန်းလျက်ရှိ၏။

ထို့ကြောင့် ငါတို့တစ်မျိုးလုံး၏ ရန်သူကား ခနရှင်စနစ်ပင်ဖြစ်၏။

mgyoe.com

mgyoe.com


ထိုစနစ်ကို အသို့ဖျက်ကြမည်နည်း။ ဒီစနစ်ဆိုး တည်တံ့အောင် ထောက်ခံနေသူများကို အသို့ ငါတို့ ရှင်းလင်းကြအံ့နည်း။

(၃)

အခြားသောနိုင်ငံများတွင် ဘယ်ပုံဘယ်နည်း ဓနရှင်စနစ်ကို ဖျက်ကြသနည်း။ ရုရှားနိုင်ငံတွင် ဓနရှင်စနစ်နှင့် ဇာအစိုးရကို ဘယ်သို့ ဖျက်ပစ်လိုက်ကြသနည်း။ မက္ကဆီကိုတွင် ဘယ်သို့ဖျက်သနည်း။ စပိန်ပြည်တွင် ဘယ်သို့ဖျက်ရန် လုပ်နေကြသနည်း။ တရုတ်ပြည်တွင်ဘယ်သို့ ကြိုးစားနေကြသနည်း။

ငါတို့သည် အခြားတိုင်းပြည်များ၌ ဓနရှင်စနစ်ကို ဖျက်ပစ်၍ အားလုံးသောအရေးတော်ပုံများကို သိရှိကြရမည်။

ယခု ငါတို့ခေတ်ကား မင်းကြီးရန်နောင်တို့ခေတ်နှင့်မတူ၊ အလောင်းဘုရားခေတ်နှင့်မတူ။ တို့ဗမာတို့ကို လွှမ်းမိုးခဲ့သော ရှမ်းတလိုင်းစသည်တို့ကား ငါတို့ထက် သာလှသည်၊ တော်လှသည်မဟုတ်။ ယခု ငါတို့အား လက်ဝါးကြီးအုပ်ထားသော ဗြိတိသျှအစိုးရတို့ကား ငါတို့ထက်နှလုံးရည်၊ လက်ရုံးရည် အစစအရာရာတွင်သာ၏။ ရှေးအခါက လူမျိုးခြားတို့ ငါတို့ဗမာလူမျိုးတို့ကို အုပ်စိုးပုံမှာ အထက်ကနေမင်းလုပ်ရုံသာဖြစ်သည်။ ဗမာစနစ်၊ ဗမာနေမှု ထိုင်မှု၊ ဗမာ့ဝါဒကိုကားထိခိုက်သည် မဟုတ်။ ယခုမူကား အင်္ဂလိပ်တို့ဝင်ကတည်းက ဗမာတစ်မျိုးသားလုံးကို ဓနရှင်စနစ်သည် လွှမ်းမိုးသောကြောင့် ဗမာ့ဝါဒဟူသမျှ အားလုံးတုံးလေပြီ။ ဗမာခေတ်သည် တုံး၍ ဓနရှင်ခေတ်သို့ ချင်းနင်း ဝင်ရောက်ခဲ့ပြီး ရှေးကနှင့် ခု လုံးလုံးမတူ။

ထိုသို့ဖြစ်လျှင် မင်းကြီးရန်နောင်တို့လက်ထက်ဆီက ရှမ်းမင်းသားများကို ဗမာများက တော်လှန်နည်းအတိုင်း ယခု

mgyoe.com

mgyoe.com


ငါတို့တော်လှန်လျှင် ဖြစ်နိုင်မဖြစ်နိုင်ကို စဉ်းစားကြရမည်။ သျှောင်တစောင်းနှင့် ဓားလွတ်ကို ကိုင်ကာ မြင်းစီးတိုက်လျှင် ငါတို့သည် ခွေးကျ၊ ဝက်ကျ ကျကုန်ကြမည်။ အကြံအစည်ဆိုသည်မှာ အခြေအနေကိုလိုက်၍ ပြောင်းလဲကြရသည်။ ကန်ကြီးရေလျှံ၍ ကန်သင်းကို မြေဖို့ပေးရုံဖြင့် ကန်ကျိုးခြင်းကို ကာကွယ်၍ မရနိုင်ဟုတွေ့ရသောအခါ ရေလွှဲပေါက်လုပ်ပေးသဖြင့် ကန်ကျိုးခြင်းကို ကာကွယ်နိုင်လေသည်။ အဖြစ်အပျက်အခြေအနေ ပြောင်းလဲသလောက် အကြံဉာဏ်ပြောင်းလဲရသည်။ သို့မဟုတ်ဘဲ လှေနံဓားထစ်ကြံနေလျှင် ပျက်စီးဆုံးရှုံးမည်မှာ မလွဲဖြစ်ချေသည်။

ထို့ကြောင့် ဘယ်သို့သောအခါမျိုး၌ မည်သူသည် မည်သို့ကြံစည်သွားပုံ၊ မည်သို့တိုက်၍ မည်သို့အောင်မြင်ပုံ စသည်များကို ကမ္ဘာ့နိုင်ငံရေးများမှ ငါတို့သည် ဆည်းပူးရှာဖွေကြရဦးမည်။

လူတို့၏ အကြံဉာဏ်သည် ခေတ်ပြောင်းသင့်သလောက် ပြောင်းအောင် လုပ်ရန်မှာလည်း ငါတို့၏တာဝန်ဖြစ်သည်။ လူတို့သည် အနေအထိုင်၊ အစားအသောက် အစစအရာရာတွင် ခေရှင်ခေတ်နှင့် ဆီလျော်အောင် ပြောင်းလဲခဲ့သော်လည်း ဘိုးစဉ်ဘောင်ဆက်က အယူအဆ အကြံအစည်များကို ယူဆကြံစည်တုန်းရှိသည့် အင်းအိုင်၊ မန္တရား၊ ဗေဒင်များအကူအညီဖြင့် ငါတို့၏ လခတိုးအောင်၊ ငါတို့ ရက်တွက်တိုးအောင်၊ ငါတို့ အစားအသောက်ချောင်ချိအောင်၊ ခေရှင်စနစ်ကြီးပျက်အောင် လုပ်လျက်နေကြခြင်းသည် ခေရှင်ခေတ်မှ ထွန်းကားလာသော လူပျိုနှာကို အင်းချ၍ကုသလိုသာ ရှိပေလိမ့်မည်။

ရှေးအခါက လူတို့သည် တစ်ဦးနှင့်တစ်ဦး သစ္စာတည်ကြ၏။ စကားမြဲကြကုန်၏။ ယခုအခါ ခေရှင်ဖျက်ဆီးသဖြင့် လူတို့သည် သစ္စာမတည်နိုင်ကုန်၊ စကားမမြဲနိုင်ကြကုန်။ ထိုသို့ လူတို့၏အခြေအနေ

mgyoe.com